## ရည်ရွယ်ချက်

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ကြေညာလွှာတင်သွင်းရမည့်ရက်နှင့် အခွန်ပေးဆောင်ရမည့်ရက်များကို တိုးမြှင့်လျှောက်ထားခြင်း လုပ်ဆောင်ရာတွင် လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပါသည်။

## သက်ဆိုင်သည့်ကိစ္စ

- အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ကြေညာလွှာတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိသောကြောင့် အချိန်တိုးမြှင့်လျှောက်ထားခြင်း၊
- အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ပေးဆောင်နိုင်ခြင်းမရှိသောကြောင့် အချိန်တိုးမြှင့်လျှောက်ထားခြင်း။

## လိပ်မူလျှောက်ထားရမည့်ပုဂ္ဂိုလ်များ

အောက်ပါပုဂ္ဂိုလ်များထံ လိပ်မူလျှောက်ထားရမည် ဖြစ်ပါသည်-

- အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးများ၊
- အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး၏ ဌာနမှူးများ၊
- ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးများ၊
- မြို့နယ်အခွန်ဦးစီးဌာနမှူးများ။

## လျှောက်ထားနိုင်သည့်ရုံးများ

အောက်ပါအခွန်ရုံးများသို့ လျှောက်ထားနိုင်ပါသည်-

- အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁၊ ၂)၊
- အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅ )၊
- ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊
- မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ။

## လျှောက်ထားရမည့်ပုံစံများ

အောက်ပါပုံစံများဖြင့် မိမိတို့အခွန်ပေးဆောင်သည့် အခွန်ရုံးများသို့ လျှောက်ထားရမည်-

- အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)အရ ကြေညာလွှာတင်သွင်းရမည့်ရက်ကို တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်လွှာ၊
- အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ (က)အရ သတ်မှတ်ထားသည့် နေ့ရက်ထက်ကျော်လွန်၍ အခွန်ပေးဆောင်ရမည့်ရက်ကို တိုးမြှင့်ပေးရန်လျှောက်လွှာ။

လျှောက်လွှာပုံစံများအား www.ird.gov.mm ၏ Home>Media> Form for SAS Tax office တွင် Downloadရယူ၍သော်လည်းကောင်း၊ သက်ဆိုင် ရာအခွန်ရုံးများတွင်လည်းကောင်း

## လျှောက်ထားရမည့်အချိန်ကာလ

ကြေညာလွှာတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အချိန်တိုးမြှင့်ပေးရန် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည်-

- ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားခြင်း၊
- အချိန်တိုးမြှင့်ပေးရန် လျှောက်ထားရာတွင် (၁၅)ရက်ထက် မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည့်အပြင် ယင်းထက်ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရင်းများ၊ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားခြင်း။

အခွန်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍အချိန်တိုးမြှင့်ပေးရန် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည်-

- အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားခြင်း
- ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ သို့မဟုတ် အရစ်ကျဖြစ်စေ ပေးသွင်းရန် လျှောက်ထားခြင်း။

## လျှောက်ထားချက်များအပေါ် အကြောင်းပြန်ကြားခြင်း

အခွန်ထမ်းများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ လျှောက်ထားလိုသည့် အခွန်ကြေညာလွှာတင်သွင်းရမည့်ရက်ကို တိုးမြှင့်ပေးရန် သို့မဟုတ် အခွန်ပေးဆောင်ရမည့်ရက်ကို တိုးမြှင့်ပေးရန် လျှောက်လွှာကိုတင်သွင်းပြီးဖြစ်ပါက-

အချိန်တိုးမြှင့်ပေးရန် လျှောက်လွှာကို လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအား သက်ဆိုင်ရာအခွန်ရုံးထံမှ ရယူရမည်။

- အချိန်တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုကြောင်း သို့မဟုတ် ခွင့်မပြုကြောင်း အကြောင်းကြားစာကို သက်ဆိုင်ရာ အခွန်ရုံးမှ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အကြောင်းပြန်ကြားမည် ဖြစ်ပါသည်။

လျှောက်ထားချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း သက်ဆိုင်ရာအခွန်ရုံးမှ တာဝန်ခွဲဝေပေးအပ်ထားသည့်ပုဂ္ဂိုလ်က ၎င်း၏ ဆုံးဖြတ်ချက်ကို အကြောင်းပြန်ကြားခြင်းမရှိပါက မိမိတို့ တိုးမြှင့်လျှောက်ထားသည့်ကိစ္စကို ခွင့်ပြုသကဲ့သို့ မှတ်ယူနိုင်သည်။

## အခွန်ပေးဆောင်ရမည့်အစီအစဉ်

အခွန်ပေးဆောင်ရန် တိုးမြှင့်ခွင့်ပြုထားသည့်ကာလအတွင်း အခွန်ထမ်းများအနေဖြင့် ပေးဆောင်ရမည့်အခွန် တစ်ရပ်ချင်းစီအလိုက် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (က)အရ အောက်ပါအစီအစဉ်အတိုင်း ပေးဆောင်ရမည်-

(၁) ဒဏ်ကြေးငွေများ၊

(၂) အတိုး၊

(၃) ပင်မအခွန်ပမာဏ။

## လိုက်နာဆောင်ရွက်မှုမရှိခြင်းအတွက် ပြစ်ဒဏ်များ




ကြေညာလွှာတင်သွင်းရန် တိုးမြှင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍-

- တိုးမြှင့်တင်သွင်းခြင်းကို ခွင့်မပြုပါက ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်အတွင်းသာ တင်သွင်းရမည်ဖြစ်ပြီး တင်သွင်းခြင်းမရှိလျှင်သော်လည်းကောင်း၊ တိုးမြှင့်တင်သွင်းခြင်းကိုခွင့်ပြုပါက တိုးမြှင့်ပေးထားသည့် သတ်မှတ်ရက်အတွင်း ကြေညာလွှာတင်သွင်းခြင်း မရှိလျှင်သော်လည်းကောင်း အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည်-
  - (၁) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၆၇၊ ပုဒ်မခွဲ (က) အရ ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန်သတ်မှတ်ထားသည့်နေ့ရက်မှ စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊
  - (၂) ငွေကျပ်တစ်သိန်း။

အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်လျှောက်ထားခြင်းနှင့် ပတ်သက်၍-

- တိုးမြှင့်ပေးထားသည့် သတ်မှတ်ရက်အတွင်း တစ်လုံးတည်း သို့မဟုတ် အရစ်ကျပေးဆောင်ရမည့်အခွန်နှင့် ဒဏ်ကြေးငွေများကိုပေးဆောင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ) အရ အရစ်ကျပေးဆောင်ရမည့် အခွန်အားလုံးကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် ပျက်ကွက်ပါက ပေးဆောင်ခြင်းမရှိသေးသည့်အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသည့်ပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

- အခွန်ပေးဆောင်ရမည့်အချိန် တိုးမြှင့်ပေးခြင်းကို ခွင့်ပြုထားလျှင် ယင်းကာလအတွင်း ပေးဆောင်ရမည့်အခွန်ကို ပေးဆောင်ခဲ့ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (င)အရ ဒဏ်ကြေးငွေပေးဆောင်ရန် မလိုအပ်ပါ။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၄၊ ပုဒ်မခွဲ (ဃ)အရ အခွန်ထမ်းသည် အခွန်ပေးဆောင်ရမည့် အချိန် တိုးမြှင့်ရရှိစေကာမူ အတိုးကို ပေးဆောင်ရမည်ဖြစ်သော်လည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အတိုးအတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အချိန်မှသာ ယင်းအမိန့်ကြော်ငြာစာပါ အတိုးနှုန်းအတိုင်း အတိုးကို ပေးဆာင်ရမည်ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန







**အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်- ၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ဖုန်း-၀၁-၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ဖုန်း-၀၂-၄၀၃၀၆၃၈၊ ဖုန်း-၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်ကြေညာလွှာတင်သွင်းရမည့်ရက်နှင့် အခွန်ပေးဆောင်ရမည့်ရက်တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်းအကြောင်းသိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၃၈၉အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

Internal Revenue Department Office Building
No.(46), Nay Pyi Taw
https://www.ird.gov.mm

"Tax by the law, Service by our Heart"